# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၄ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၁၂ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၄၂)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)ကို အပြည့်အဝနားလည် အစဉ်အမြဲ အခိုင်အမာထောက်ခံပြီး ဆက်လက်၍လည်း ထောက်ခံသွားမည်

## မြန်မာနိုင်ငံအတွက် ပြောင်းလဲမှုမရှိသော ရပ်တည်ချက်ဖြစ်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

# နယ်စပ်ဒေသများ၌ မြန်မာအစိုးရကို ဆန့်ကျင်မည့်လှုပ်ရှားမှုများနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမည့် လုပ်ရပ်များကို ပြုလုပ်မည့်

## မည်သည့်အဖွဲ့အစည်းကိုမျှ လက်ခံ ထောက်ခံမည်မဟုတ်

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း**

**နေပြည်တော်　　စက်တင်ဘာ　　၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့သည် စက်တင်ဘာ ၈ရက် ညနေ ၅နာရီ ၁၅မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမ၌ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၂ ရက်)

## သဘာဝသစ်တောသစ်ပင် ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း

မြန်မာနိုင်ငံသည် သဘာဝသယံဇာတနှင့် ပြည့်စုံသောနိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရသည် သဘာဝအလျောက် ဖြစ်တည်လျက်ရှိသည့် သစ်တောသစ်ပင်များ၊ တွင်းထွက်ပစ္စည်းများ၊ ရေသယံဇာတပစ္စည်းများအပေါ် အခြေခံလျက် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ဧရိယာထက်ဝက်ကျော်သည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ သစ်တောသစ်ပင်များသည် ရာသီဥတုကို ပြုပြင်ပြောင်းလဲခြင်း၊ လူတို့၏ စားဝတ်နေရေးအတွက် ထုတ်ကုန်ပစ္စည်းများကို ရယူထုတ်လုပ်နိုင်ခြင်းတို့ကြောင့် သစ်တောသစ်ပင်များ မပြုန်းတီးရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။

သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် အဖိုးတန်သစ်၊ ထင်း၊ ဝါးနှင့် သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများ ပိုမိုကြွယ်ဝလာသည်သာမက ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားလာခြင်း၊ ရေကောင်းရေသန့်များ ပေါများစွာရရှိနိုင်ခြင်း၊ သဘာဝရေထွက်များကို ပေါများလာစေခြင်း၊ ရာသီဥတု မျှတကောင်းမွန်ခြင်း စသည့်အကျိုးကျေးဇူး ရရှိခံစားနိုင်မည်ဖြစ်သည်။

သစ်တောများတည်ရှိမှုကြောင့် မြေဆီမြေလွှာများ ထိန်းသိမ်းနိုင်ခြင်း၊ လေကောင်းလေသန့်ရရှိခြင်း၊ မြစ်၊ ချောင်းနှင့်ဆည်များ မတိမ်ကောစေရန် ရေဝေရေလဲဧရိယာများ ထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုခြင်း၊ ကျေးလက်ဒေသနေ ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်သည်။

သစ်တောသစ်ပင်သည် လူတို့ကိုအကျိုးပြုစေသည်သာမက ကျေးငှက်မျိုးစုံတို့ကိုလည်း အကျိုးပြုလျက်ရှိသည်။ ကျေးငှက်တို့သည် သစ်တောသစ်ပင်တို့ကို မှီခိုအားထားလျက်ရှိရာ "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်" ဆိုစကားကဲ့သို့ ငှက်မျိုးစိတ်များစွာကိုလည်း ကာကွယ်ထိန်းသိမ်းနိုင်သည်။ ယနေ့ကာလတွင် ကမ္ဘာပေါ်၌ထင်ရှားသော တောင်အမေရိကမြောက်ပိုင်းရှိ အမေဇုန်သစ်တောကြီးသည် သစ်တောသစ်ပင်များ ထူထပ်စွာ ပေါက်ရောက်ပြီး ထိန်းသိမ်းနိုင်ခြင်းကြောင့် သစ်တောသယံဇာတများစွာနှင့် ငှက်မျိုးစိတ်များစွာ တည်ရှိရှင်သန်ပေါက်ပွားလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

သစ်တောဦးစီးဌာနသည် ပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နည်းလမ်း ပေါင်းစုံဖြင့် ကြိုးပမ်းလျက်ရှိသည်။ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခြင်း၊ တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးခြင်း၊ ယူကလစ်ပင်များ စိုက်ပျိုးခြင်း စသည်ဖြင့် သစ်ပင်များကို အစားထိုးစိုက်ပျိုးလျက်ရှိသည်။

ထို့ကြောင့် "သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့" ဆိုစကားအရ သစ်တောများ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ထိုသို့ ထိန်းသိမ်းစောင့်ရှောက်ရာတွင် တိုင်းရင်းသားပြည်သူများကပါ ဝိုင်းဝန်းဖော်ဆောင်သွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြဝတီရုပ်မြင်သံကြား

၁၂-၉-၂၀၁၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
**ပညာလည်းရှာ စာပါပို့ချ**
၇:၁၀ ၄။ ခမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၄။ ကာတွန်းအစီအစဉ် **အမြှာစုံထောက်** (အပိုင်း-၃၈)
၁၁:၂၅ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်စစ်မှန်ရင်**
၁၂:၃၀ ၆။ ကျန်းမာသုတ
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၆၉)

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၀။ ဘဝကြေးမုံ **အထိန်းတော်** ပြည့်စုံအောင်၊ခိုင်နှင်းဝေ၊ အောင်ခိုင်၊ဝါဝါအောင် ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)
၆:၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၅)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဋ္ဌလက်ပုံရိပ်** (အပိုင်း-၁၃)
၂၁။ **လင်းရောင်စဉ်အတွက်ပုံရိပ်များ** (အပိုင်း-၂၇)

## ပုသိမ်-မုံရွာလမ်း ကတ္တရာတိုးချဲ့ခင်းခြင်းလုပ်ငန်း
## တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်းသည် စက်တင်ဘာ ၅ရက် နံနက်ပိုင်းက ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာ စပါးရိတ်သိမ်းမှုနှင့် ပုသိမ်-မုံရွာလမ်း လမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြသူများအား အလှူငွေများပေးအပ်ပြီး ဆေးရုံအတွက်အလှူငွေများကို တာဝန်ခံဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးသည် ကျုံပျော်မြို့နယ်နှင့် ဟင်္သာတမြို့နယ်များရှိ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် အိမ်ထောင်စုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ဟင်္သာတမြို့ မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ကော့မှူးမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ကော့မှူး စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက် ၉နာရီက ကော့မှူးမြို့နယ် တောင်ပိုင်းရပ်ကွက်ရှိ လယ်သမားကြီး ဦးတင်ထွန်း၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်သိန်း၊ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးရဲလွင်သိန်းနှင့် ဝန်ထမ်းများ၊ တွံတေးငါးလုပ်ငန်းစခန်းတာဝန်ခံဦးရဲထွန်းနိုင်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများတက်ရောက်ခဲ့ကြပြီး ကော့မှူးမြို့နယ်ရှိ လယ်ဧက ၅၀ အတွင်းသို့ တီလားပီးယားနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၂၅၀၀၀ကို ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်းသိရသည်။ (**အောက်ပုံ**)

(မြို့နယ် ပြန်/ဆက်)

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း
## သံဖြူဇရပ်မြို့နယ်၌ ဖွင့်လှစ်

သံဖြူဇရပ် စက်တင်ဘာ ၁၁

မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို စက်တင်ဘာ ၇ ရက် နံနက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ဖွင့်လှစ်ရာ မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဝင် သံဖြူဇရပ်မြို့နယ်တာဝန်ခံ ဦးကျော်မြင့် (**အပေါ်ပုံ**)နှင့် သံဖြူဇရပ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမင်းအောင်တို့က အမှာစကားပြောကြားသည်။

**လက်တွေ့ပြသ**

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များဖြစ်ကြသည့် မြို့နယ်ဥပဒေအရာရှိ ဦးကျော်ဝင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဌေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်အေးအေးသီနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်သူရတို့က မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးပို့ချပြီး မဲရုံလုပ်ငန်းသရုပ်ပြခြင်းကို လက်တွေ့ပြသသည်။

**ဖွင့်လှစ်ပို့ချ**

သံဖြူဇရပ်မြို့နယ် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းသင်တန်းကို သံဖြူဇရပ်မြို့မ တရုပိုကျေးရွာနှင့် ကျိုက္ခမီမြို့တို့တွင် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## သင့်သွေးဖြင့် အသက်ကယ်ပါ



# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် စက်တင်ဘာ ၁၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်ဝင် အသင်းသား အသင်းသူများက ဂုဏ်ပြုဧည့်ကြို မမ္မတေးသံသာများဖြင့် တီးမှုတ်၍ ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လင်ကွမ်းစီ စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ချန်ကျန့်နှင့် ဆရာတော်များအား ဖူးမြော်ကန်တော့ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့သည် လင်ကွမ်းစီ စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အား စိန်ဖူးတော်၊ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်၊ ကြေးဆင်းတုတော်၊ ကျောက်စီ ရွှေတိဂုံစေတီ ပုံတော်၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်အေးချမ်း

*စာမျက်နှာ ၄ ကော်လံ ၁*





**ဗုဒ္ဓစွယ်တော်မြတ်**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၈ရက် နံနက်ပိုင်းရာရီတွင် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ်ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple သို့ ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့်ဇနီးနှင့် တရုတ်ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**မမ္မတေးသံ**

ထိုသို့ ရောက်ရှိချိန်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ဗုဒ္ဓဘာသာ



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့က လင်ကွမ်းစီ စွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ချန်ကျန့်ထံ ကျောက်စီရွှေတိဂုံစေတီပုံတော်အား ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

*စာမျက်နှာ ၃ မှ*

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ဖူးမြော်

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော်တိုက်ရှိ ကျွန်းတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များ၏ ပရိတ်ရွတ်ဝတ်ပြုဆုတောင်းမှုကို နာယူကြသည်။

## ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ကျောက်စိမ်းစေတီ တန်ဆောင်း၌ ကိန်းဝပ် စံပယ်တော်မူလျက်ရှိသည့် မြန်မာနိုင်ငံမှ လှူဒါန်းထားသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းနှင့် သစ်သီးတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကန်တော့ကြသည်။

## ရောက်ရှိ

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်တိုက်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာသို့ ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**



## ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်

**ကျောက်စိမ်းစေတီတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြန်မာနိုင်ငံမှ လှူဒါန်းထားသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးတွေ့ရစဉ်။** (သတင်းစဉ်)



**ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple ကို တွေ့ရစဉ်။** (သတင်းစဉ်)

## ဓမ္မလက်ဆောင်ပေးအပ်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား လင်ကွမ်းစီစွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ချန်ကျန့်က ဗုဒ္ဓစွယ်တော်မြတ် ပုံတူစေတီကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်စဉ်။** (သတင်းစဉ်)



ယင်းနောက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဆရာတော် ချန်ကျန့်က ဗုဒ္ဓစွယ်တော်မြတ် ပုံတူစေတီကို ဓမ္မလက်ဆောင်အဖြစ်ပေးအပ်သည်။

## ကပ်လှူပူဇော်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဗုဒ္ဓစွယ်တော်တိုက်သို့ တက်ရောက်၍ ဗုဒ္ဓစွယ်တော်မြတ်အား ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် သစ်သီးတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

## ကြည်ညို

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော် ကြည်ညိုကြသည်။

12-9 (04).pmd 1 9/12/2010, 2:43 AM

# ASEAN Silk Fabric and Fashion Design Contest 2010 ၌ မြန်မာနိုင်ငံက လွန်းသုံးရာချိတ်ဒီဇိုင်းဖြင့် ပထမဆုအပါအဝင် ဆုလေးဆု ဆွတ်ခူး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ထိုင်းနိုင်ငံ Muang Thong Thani ရှိ IMPACT Exhibition and Convention Centre ၌ ကျင်းပသော ASEAN Silk Fabric and Fashion Design Contest 2010 ပြပွဲ ပြိုင်ပွဲတွင် ပါဝင်ပြသ ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ ကိုယ်စားပြုအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



နေပြည်တော် စက်တင်ဘာ ၁၁

**ထိုင်းနိုင်ငံ Muang Thong Thani ရှိ IMPACT Exhibition and Convention Centre ၌ ဩဂုတ် ၂၂ ရက်မှ ၂၇ရက်အထိကျင်းပခဲ့သော ASEAN Silk Fabric and Fashion Design Contest 2010 ပြပွဲပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ဝါနှင့်ပိုးချည်လုပ်ငန်းမှ မန်နေဂျာ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်ရီရီလှိုင်နှင့် ရက်ကန်းလုပ်ငန်းရှင်များဖြစ်ကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးခေတ်ဆန်းယဉ်ရက်ကန်းမှ ဦးမြင့်သိန်းထွန်းနှင့် ဦးတင်ထွဋ်လွင်တို့ သွားရောက်ခဲ့ကြပြီး မိမိရက်ကန်းစင်မှ ထုတ်လုပ်သည့် ပိုးထည်၊ ကြာထည်နှင့် ချည်ထည်များကို ဒီဇိုင်းအမျိုးမျိုးဖြင့် ပြသယှဉ်ပြိုင်ခဲ့သည်။**

### လေးဆုရရှိ

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံမှ ပြသထားမှုများကို လူအများက အထူးစိတ်ဝင်စားကြပြီး ပြိုင်ပွဲတွင် Special Technique Fabric ခေါင်းစဉ်အောက်မှ Tapestry in Chemical Dyed ပြိုင်ပွဲတွင် လွန်းသုံးရာချိတ်ဒီဇိုင်းဖြင့် ပထမဆုတစ်ဆုနှင့် အထူးဆုတစ်ဆု၊ Fashion Design Fabric ခေါင်းစဉ်အောက်မှ Women's Cocktail Outfit Design ပြိုင်ပွဲတွင် ကိုယ်တိုင်ရက်ကန်းဒီဇိုင်း ထုတ်လုပ်ထားသော ညနေခင်း အမျိုးသမီးဝတ်စုံဖြင့် အထူးဆုတစ်ဆုနှင့် Antique Silk Fabric ပြိုင်ပွဲတွင် လွန်ခဲ့သောနှစ် ၈၀ က ရက်လုပ်ခဲ့သော အင်းလေး၊ ဇင်းမယ်ဒီဇိုင်း ဝတ်စုံဖြင့် အထူးဆုတစ်ဆု စုစုပေါင်းဆု လေးဆု ရရှိခဲ့သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၉ ရက် ညနေပိုင်းက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဌေးခန်းမ၌ ဝန်ကြီးဦးဌေးဦးအား လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာတတ်မြောက်ရေးအထိမ်းအမှတ်ပြပွဲ ရွှေပြည်သာမြို့နယ်၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

အမှတ်(၃) အခြေခံပညာ ဦးစီးဌာန အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း ရွှေပြည်သာမြို့၌ ၂၀၁၀ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေး အထိမ်းအမှတ်အဖြစ် မိုးပုလဲပန်း နံရံကပ်စာစောင်နှင့် ဓာတ်ပုံပန်းချီပြပွဲကို စက်တင်ဘာ ၇ ရက် နံနက်၁၀နာရီက အဆိုပါကျောင်းရှိ နဝရတ်ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားတွင် လက်ထောက်ပညာရေးမှူး ဦးညွန့်ဝေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်သန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနား တက်ရောက်လာကြသူများက အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းမှကျောင်းသား ကျောင်းသူများ ရေးဆွဲထားသော ကျန်းမာရေး၊ သန့်ရှင်းရေး၊ စာတတ်မြောက်ရေး၊ ဘက်စုံဖွံ့ဖြိုးရေးနှင့် ရသပိုင်း အထွေထွေကဏ္ဍတစ်ခုစီကို ခွဲခြားကာ ရေးဆွဲပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အောက်ဝဲပုံ)**

### ပြသမည်

အဆိုပါ တင်ဆက်မှုပြပွဲကို စိတ်ပါဝင်စားသူများနှင့် ကျောင်းသား ကျောင်းသူများ ဆက်လက်လေ့လာကြည့်ရှုနိုင်ရန် ခုနစ်ရက် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(ပညာရေး)

တွံတေးမြို့ ဈေးသစ်ပိုင်း မရမ်းကုန်း (၄)လမ်းနေ ဦးသိန်းအောင်-ဒေါ်ရင်သန်း မိသားစုက မောင်နိုင်ဝင်းအား ရည်စူး၍ တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ်နှစ်သိန်းကို ဆေး၊ အာဟာရပဒေသာပင် အဖြစ် လှူဒါန်းရာ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်းလက်ခံယူစဉ်။(၁၀၅)





# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၉-၂၀၁၀ (တနင်္ဂနွေနေ့)

### နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **ဆင်းရဲ၏နောက် ချမ်းသာရောက်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၁)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၅)
- ၈း၄၀ တစ်သက်တာစိတ်အေးဖို့ သစ်မွေးစိုက်ကြစို့
- ၈း၅၅ မုံရွာမြို့မှ… ဇရိပ်ဆာယာ
- ၉း၁၅ Activities in the City (မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်နှင့် ပညာရေးထောက်ပံ့ငွေ ပေးပွဲအခမ်းအနား)
- ၉း၃၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၁၀း၀၀ ရတနာရွှေသိုက်
- ၁၀း၁၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမြသိန်း)
- ၁၀း၃၅ ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း၊ စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ပီလောပီနံ)
- ၁၀း၄၅ ဗီဒီယိုပြခန်း
- ၁၁း၀၀ ဈေးဝယ်လမ်းညွှန် (Shoe Gallery)
- ၁၁း၃၀ စွမ်းရည်ထက်မြက် မြန်မာ့ဖျက်လှည့်
- ၁၂း၀၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (သန်းသန်းနွယ်)
- ၁၂း၃၅ **နေထိုင်မှုဝင်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ** (ကျောက်စိမ်းကွန်ဒိုနှင့် နဝရတ်ကွန်ဒို)
- ၁း၀၀ **ဆင်းရဲ၏နောက်ချမ်းသာရောက်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (ပိုက်ဆံချေးတာကောင်းတယ်၊ ပိုက်ဆံမချေးတာကောင်းတယ်)
- ၃း၃၀ Kids Show
- ၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၅)
- ၄း၄၅ တစ်သက်တာစိတ်အေးဖို့ သစ်မွေးစိုက်ကြစို့
- ၅း၀၀ FMF Selection
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၂)
- ၇း၂၅ သွားမယ် စားမယ် (GG Food House)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဟိုတယ်လမ်းညွှန် (Rupar Mandalay)
- ၉း၀၀ Talent Show (ထွေးဦးမြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်စုံအဖွဲ့)
- ၉း၂၅ Barclays Premier League **(Birmingham Vs Liverpool)**
- ၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၆)
- ၁၂း၀၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမြသိန်း)
- ၁၂း၃၀ **နေထိုင်မှုဝင်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ** (ကျောက်စိမ်းကွန်ဒိုနှင့် နဝရတ်ကွန်ဒို)
- ၁၂း၄၅ Celebrity Profile (Lဆိုင်းဇီနှင့် တွေ့ဆုံခြင်း)
- ၁း၂၀ Activities in the City (မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်နှင့် ပညာရေးထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနား)
- ၁း၃၅ ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (ချိုမြမွှေးမွှေးပဲဆီနှင့် ကျန်းမာရေး)
- ၂း၀၅ သွားကျန်းမာရေး ပညာပေးအစီအစဉ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကိုကိုမော်)
- ၂း၄၅ Movie Mistakes (Mr. and Mrs. Smith)
- ၃း၁၀ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
- ၃း၂၀ ရောင်စုံရသနီယွန်ည
- ၃း၅၀ ပြည်သူ့အတွက် EMS
- ၄း၀၅ ရတနာရွှေသိုက်
- ၄း၁၅ သုဝဏ္ဏဘူမိမြို့ဟောင်းမှကြည်ညို ဖူးမြော်ကျိုက်တလန်းစေတီတော်
- ၄း၄၀ မုံရွာမြို့မှ… ဇရိပ်ဆာယာ
- ၅း၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉း၂၅ | Birmingham Vs Liverpool | ESPN(Live) |

# စီးပွားရေးပညာ ဒီပလိုမာသင်တန်းများ ဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံတွင် Marketing ဘာသာရပ်များကို ဦးစားပေးသင်ကြားပို့ချပေးနေသော သင်တန်းကျောင်းဖြစ်သည့် ICM သည် ၁၉၇၈ ခုနှစ်မှစ၍ အင်္ဂလန်နိုင်ငံတွင် ပညာဒါနအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားသော မန်နေဂျာများ၏ Professional အဖွဲ့အစည်း တစ်ခုဖြစ်သည်။ နိုင်ငံပေါင်း ၁၃၀ ကျော်တွင် ICM ၏ သင်တန်းများ ပို့ချလျက်ရှိပြီး ICM မှ တိုက်ရိုက်စာမေးပွဲများစစ်ဆေးပြီး Diploma များ ချီးမြှင့်ပေးလျက်ရှိသည်။

### ဆက်သွယ်မေးမြန်းနိုင်

ယခုအခါ Strategy First Institute တွင် ICM ၏ သင်တန်းများဖြစ်သော Advanced Diploma in Marketing နှင့် Advanced Diploma in Business Studies စသော သင်တန်းများကို လုပ်ငန်းခွင်တိုးတက်အောင် စီမံခန့်ခွဲလိုသော၊ အလုပ်အကိုင်ကောင်းများ ရရှိလိုသော၊ နိုင်ငံခြားတွင် ပညာဆက်လက်သင်ယူလိုသော ဘွဲ့ရလူငယ်များ၊ လုပ်ငန်းရှင်များ၊ ရာထူးမြင့် မန်နေဂျာဖြစ်ရန် ရည်ရွယ်ထားသူများအတွက် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ Advanced Diploma in Marketing တွင် Marketing Management, IT for Marketing Management, Customer Service, Management Theory & Practice နှင့် Buyer Behavior & Consumerism စသော ဘာသာရပ်ငါးခုကို သင်ယူရမည်ဖြစ်ပြီး Advanced Diploma in Business Studies တွင် Strategic Management, Marketing Management, Human Resource Management နှင့် Customer Service ဟူသော ဘာသာရပ်လေးခုကို သင်ယူရမည် ဖြစ်သည်။ သင်တန်းချိန်များမှာ ရုံးချိန်ပြင်ပဖြစ်ပြီး လက်တွေ့အသုံးချနိုင်ရန် Case-Study များ၊ Discussion များ၊ Assignment Project များဖြင့် သင်ကြားပေးကြောင်း၊ Advanced Diploma ပြီးဆုံးသည့်အခါ Graduate Diploma ကို Strategy First Institute တွင်ပင် ဆက်လက်သင်ကြားနိုင်မည်ဖြစ်သည်။ အဆိုပါ သင်တန်းများကို စက်တင်ဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အခန်း ၁၀၀၂ ပန်းခြံတာဝါ မဟာဗန္ဓုလလမ်းနှင့် ဗားဂရာလမ်းထောင့် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၅၃၉၁၃၅ နှင့် ၅၃၉၁၃၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# News Watch (စောင့်ကြည့်) ဂျာနယ်ထွက်ပြီ

**ရန်ကုန် စက်တင်ဘာ ၁၁**

တစ်နေ့တခြား ကြီးမားလာသော မုံရွာကမ္ဘာ့ပွင့်ကြီး ကြည့်ရှုသူများနှင့် စည်ကားနေ၊ မန္တလေးမြို့တွင် ဈေးဆိုင်များ၌ တပ်ဆင်ထားသော စီးပွားရေးကြော်ငြာများ အခွန်ငွေမဆောင်ပါက ဒဏ်ကြေးငွေ ၁၀ဆ ပေးဆောင်ရမည်၊ **One Stop Service** နှင့် ဆောင်ရွက်ပေးမည့် ကားလေလံပွဲကျင်းပမည်၊ ရန်ကုန်စီးပွားရေးဇုန်ခွဲ အချို့တွင် ယခုရက်ပိုင်း သိန်းထောင်ကျော်ငွေလွှဲမှုများ များပြား၊ ၃၂ပေသစ်လုံးတင်ယာဉ်များ ကုဗတန် ၁၆တန်အထိ တင်ဆောင်နိုင်၊ ပေ ၄၀တွဲယာဉ်များ ၂၂တန်အထက် ပိုမိုတင်ဆောင်ခွင့်မပြု၊ ဆယ်လ်လူလာဖုန်း လဲလှယ်ခွင့်လျှောက်လွှာများ ခေတ္တဆိုင်းငံ့ထား၊ ရန်ကုန်ဆန်ဈေးကွက် အေးစက်နေမှုကြောင့် မော်ကျွန်းမှ ဆန်တင်ပို့မှု လျော့ကျလာ၊ တန်ပိုတင်ယာဉ်များနှင့် ကားစီးရေဖြတ်သန်းမှု များပြားခြင်းကြောင့် ဘေလီတံတား ပျက်စီး၊ ဘုရင့်နောင် ယာဉ်အပိုပစ္စည်းဈေးကြီး ဝါးတရာသို့ ပြောင်းရွှေ့မည်ဆိုခြင်းမှာ မဟုတ်မှန်၊ ရုပ်ရှင်ပြသနေစဉ် ဟန်းဖုန်းများပိတ်ထားသင့်၊ ပိတ်ပင်ထားသည့် ခြင်ဆေးခွေနှစ်မျိုး ဈေးကွက်တွင်ကျန်ရှိနေ၊ စပါးပေါ်ချိန် ဈေးကောင်းနိုင်၍ ကြိုတင်ဝယ်ယူသူများရှိနေ၊ ဟန်းဆက်ဈေးကွက် ကျပ်ငါးသိန်းတန်ပေါ်မှုတည်နေ၊ မန္တလေးမြို့ အဆင့်မြင့်ရတနာပုံဈေး (ယာယီ) ဈေးတန်းများကို မကြာမီဖျက်သိမ်းမည်၊ နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်တွင် မြေကွက်များ အရောင်းအဝယ်သွက်နေ၊ ၂၀၁၁ခုနှစ်အတွင်း အာမခံအမျိုးအစား လေးဆယ့်ခြောက်မျိုးဖြစ်လာမည်၊ နိုင်ငံတကာဈေးကွက်သို့ သစ်နှင့်သစ်အချောထည်ပစ္စည်းများတင်ပို့ရာတွင် သစ်ထောက်ခံချက် လိုအပ်၊ ဆရာပါရဂူ၏ ဦးသော်ဇင်အကြောင်း၊ ဆရာလူထုစိန်ဝင်း၏ ပြဿနာကို မကြောက်နဲ့ ရင်ဆိုင်ပါ၊ ထွဋ်ဝင်းထွဋ်၏ ပင်လယ်ကွေ့နိုင်ငံတွေက အိမ်ဖော်အမျိုးသမီးများဘဝ၊ မောင်သန်းဆွေ(ထားဝယ်)၏ ဖူးစာနှစ်ခိုင်(၁၆)မှ ချစ်ရေးမညီသည့် မေရီမိဖုရားအကြောင်း၊ ရွှေစင်ကိုကို၏ ဘေးဒုက္ခတွေ ပင်လယ်ဝေနေသော ပါကစ္စတန်၊ မဏ္ဍဆီကိုပင်လယ်ကွေ့ ရေနံယိုဖိတ်မှု ဘီပီက အမေရိကန် ကန်ထရိုက်တာများအား အပြစ်ပုံချ၊ ဂျာမနီ၌ လူကလီးယားစက်ရုံများ သက်တမ်းတိုးမည်၊ နယူးဇီလန်ငလျင် နေအိမ် ၁၀၀၀၀၀ပျက်စီး၊ အိုင်အေအီးအေ စုံစမ်းစစ်ဆေးမှုများ အီရန်က ဟန့်တားအစရှိသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေး သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်) ဂျာနယ်ထွက်ရှိနေပြီဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

နေပြည်တော် စက်တင်ဘာ ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်ထောင်းက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို စက်တင်ဘာ ၈ရက် ညနေ ၅နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏အရှေ့ဘက် ခန်းမကြီး၌ ကျင်းပသည်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ပြည်သူ့ခန်းမဆောင်ကြီး သို့မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ပြည်သူ့ခန်းမဆောင်ကြီး၏အရှေ့ဘက် ဝင်ပေါက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက် သည်။

## ကြိုဆိုနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ၎င်းနှင့်အတူ ကြိုဆို နှုတ်ဆက်ကြသည့် အဖွဲ့ဝင် များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းအား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက် ပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတမစ္စတာ ဟူကျင်ထောင်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့ ၏ အလေးပြုခြင်းကိုခံယူရန် အလေး ပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသား သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့က ဂုဏ်ပြု တပ်ဖွဲ့ကို စစ်ဆေးကြပြီး ဂုဏ်ပြုကြိုဆို သည့် အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

## တက်ရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနား သို့ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁)သီဟသူရ ဦးတင်အောင်မြင့်ဦး နှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီးတို့ တက်ရောက်ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် Mr. Dai Binguo၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Yang Jiechi၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Li Chen glin၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး Mr. Liu Zhijun၊

*စာမျက်နှာ ၇ ကော်လံ ၁ သို့*



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ဟူကျင်ထောင်းက ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက် ဝင်ပေါက်၌ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ မှတ် တမ်း တင် ဓာတ်ပုံရိုက်ကြ စဉ်။** (သတင်းစဉ်)





**နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ ဂုဏ်ပြု တပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူ ကြစဉ်။** (သတင်းစဉ်)





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Chen Deming၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ခေတ္တသံရုံး ယာယီတာဝန်ခံ Mr.Wang Zong Ying တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### ပြန်လည်လိုက်ပါ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အဖွဲ့ဝင်များလိုက်ပါလျက် စက်တင်ဘာ ၇ရက် နံနက် ၁၀နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ထွက်ခွာခဲ့ကြသည်။**

### ပေကျင်းလေဆိပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးတင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် ညနေ ၄နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် အထူးလေယာဉ်သည် ပေကျင်းမြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Madame Lin Nan တို့က လေယာဉ်ပေါ်သို့တက်ရောက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

### ဂါရဝပြု

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့အား တရုတ်ကလေးငယ်နှစ်ဦးက လေယာဉ်လှေကားထိပ်မှ ဂုဏ်ပြုပန်းစည်းများကိုပေးအပ်၍ ဂါရဝပြုကြိုဆိုကြသည်။

### ကြိုဆိုနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီးMr. Hu Jan Yue နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယဲ့တာပိုတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

### ဂုဏ်ပြုပန်းစည်း

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့အား မြန်မာကလေးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်းများကို ဂါရဝပြုပေးအပ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၏ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ စစ်သံမှူး ဗိုလ်မှူးကြီး တင့်ဝေနှင့်ဇနီး ဒေါက်တာ ဒေါ်နွယ်နီဝင်း၊ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြိုဆိုကြသည်။



### ရောက်ရှိ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ ခေတ္တတည်းခိုမည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

### ကြိုဆိုနှုတ်ဆက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Hu Jan Yue က ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ်

# မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများအနက် တတိယအ

နိုင်ငံတော်အေးချမ်းသာယာရေးန

# မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး ကြို

# တရုတ်အစိုးရအနေဖြင့် နည်းပညာနှင့် ငွေကြေးပိုင်းတွင်ပါ အကူအည

တရုတ်ပြ

* ရွှေဖုံးမှ

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

- ❐ ၂၀၀၉ခုနှစ် ဒီဇင်ဘာလအတွင်း တရုတ်ဒုတိယသမ္မတ မစ္စတာ ရှီကျင့်ဖျင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့စဉ်အတွင်း နှစ်နိုင်ငံ အကျိုးတူစီမံကိန်းများအတွက် သဘောတူစာချုပ် ၁၆ခုနှင့် နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း သဘောတူစာချုပ် ၁၅ခု တို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့။
- ❐ စာချုပ်ပါ လုပ်ငန်းစီမံကိန်းများ အမြန်ဆုံး အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများကို တွန်းအားပေး ဆောင်ရွက်စေလျက်ရှိ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ



အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် Mr. Dai Bin guo၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Yang Jiechi၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Li Chen glin၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Liu Zhijun၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Chen Deming၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

## အလေးထား

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် **ယခုနှစ်သည် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် နှစ်(၆၀)ပြည့်နှစ်ဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးကြီးသည့်နှစ်တွင် အဆွေတော်အနေဖြင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးအပေါ် မည်မျှအလေးထားသည်ကို ပြသနိုင်ခဲ့ပါကြောင်း။**

**အဆွေတော်၏ခရီးစဉ်သည် နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ပေးစေမည့် ခရီးစဉ်ဖြစ်ပါကြောင်းဖြင့်** ပဏာမပြောကြားသည်။

## နွေးထွေးစွာကြိုဆို

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆွေးနွေးပြောကြားရာတွင် **မိမိနှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့သို့ ရောက်ရှိစဉ်တွင် နွေးထွေးစွာ ကြိုဆိုခဲ့ပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း။**

## အရှိန်အဟုန်ဆက်လက်မြှင့်တင်

**ယခု မိမိ၏ တရုတ်ပြည်ခရီးစဉ်လာရောက်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် အပြန်အလှန် နားလည်မှု၊ ခင်မင်ရင်းနှီးသည့် အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းမှုများ အရှိန်အဟုန် ဆက်လက်မြှင့်တင်ရေးတို့အတွက် လာရောက်ခြင်း ဖြစ်ပါကြောင်း။**

**မိမိတို့နှစ်နိုင်ငံအကြား ၁၉၅၀ခုနှစ် ဇွန်လတွင် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ရာ ယခုနှစ်ဆိုလျှင် နှစ်(၆၀)ပြည့်မြောက်ပြီ ဖြစ်ပါကြောင်း။**

## မှတ်တိုင်သစ်စိုက်ထူ

**သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ်ပွဲများကို နှစ်နိုင်ငံစလုံးတွင် ကျင်းပခဲ့ကြပြီး ပြီးခဲ့သည့်ဇွန်လအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေး သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပါကြောင်း။**

**မိမိတို့နှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့စဉ်မှစ၍ နှစ်ပေါင်း(၆၀)အတွင်း နှစ်နိုင်ငံအကြားတွင် တန်းတူညီတူရှိမှု၊ စာနာထောက်ထားမှု၊ အပြန်အလှန် နားလည်မှုများစွာနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခဲ့ကြပါကြောင်း။**

## အကျိုးတူပူးပေါင်း

**ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကာ ပြီးခဲ့သည့်နှစ်များအတွင်း၌ စွမ်းအင်ကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး၊ ရေအားလျှပ်စစ်၊ စက်မှုအခြေခံအဆောက်အအုံနှင့် စိုက်ပျိုးရေးကဏ္ဍစသည့် ကြီးမားသည့်စီမံကိန်းများကို နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းအကောင်အထည်ဖော်နိုင်လာခဲ့ကြပါကြောင်း။**

## ကာလကြာရှည်စွာရပ်တည်

**တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ကာလကြာရှည်စွာ ရပ်တည်နိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်**

**နိုင်ငံဖြစ်ပါကြောင်း။**

**၂၀၀၉ခုနှစ် ဒီဇင်ဘာ**

**ရှီကျင့်ဖျင် မြန်မာနိုင်ငံသို့ ချစ်**

**အကျိုးတူစီမံကိန်းများအတွ**

**ကောင်စီဝင် ဝန်ကြီးချုပ် မ**

**အတွင်း သဘောတူစာချုပ် ၁**

အ

**စာချုပ်ပါ လုပ်ငန်း**

**ဆောင်ရွက်နိုင်ရေးအတွက် သ**

**ဆောင်ရွက်စေလျက် ရှိပါ**

**မြန်မာနိုင်ငံအနေဖြင့်**

**အစည်းများ မျက်နှာစာတို့**

**လျက်ရှိပါကြောင်း။**

အ

**မိမိတို့အနေဖြင့် တရု**

**ကို အပြည့်အဝနားလည်ပြီး**

**ဆက်လက်၍လည်း**

**ပြောင်းလဲမှုမရှိသော ရပ်တ**

ရှ

**ဗိုလ်ချုပ်မှူးကြီးသန်း**

**လမ်းစဉ်(၇)ရပ်ကို အောင်မြ**

**ခုနှစ် နိုဝင်ဘာ ၇ရက်၌ ကျင်**

**အတွက် ကြိုတင်စီစဉ်ဆော**

**နိုင်ငံခြားရေးမူဝါဒ အခြေ**

ယင်းနောက် တရုတ်

ထောင်းက ပြန်လည်ပြောက

**ရင်းနှီးမှု တိုးတက်ဖြစ်ထွန်း**

**ပြည်သူများ ကူးလူးဆက်ဆံ**

# လျှပ်စစ်ဓာတ်အားလုပ်ငန်းဆိုင်ရာ စာချုပ်ချုပ်ဆိုပွဲ

## ဝန်ကြီးဦးခင်မောင်မြင့် တက်ရောက်ချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁၁**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၈ ရက် ည ၇ နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံး ခန်းမဆောင်၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် SHWELI (1) HYDRO POWER Co., Ltd. (SHPC) တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

**စာချုပ်ချုပ်ဆို**

အဆိုပါ စာချုပ်ချုပ်ဆိုပွဲအခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးဦးခင်မောင်မြင့်က အမှာစကား ပြောကြားပြီး SHWELI(1) HYDRO POWER Co., Ltd. (SHPC) ဦးဆောင်ညွှန်ကြားရေးမှူးMr.Ma Lipeng က ကျေးဇူးတင်စကားပြောကြားသည်။

**အပြန်အလှန်လဲလှယ်**

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် SHWELI (1) HYDRO POWER Co., Ltd. (SHPC) ဦးဆောင်ညွှန်ကြားရေးမှူး Mr. Ma Lipeng တို့သည် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံမှ ထွက်ရှိသော လျှပ်စစ်စွမ်းအားဝယ်ယူရန်အတွက် သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





ပုသိမ်မြို့ အမှတ်(၂) အထက (ယခင်နေရှင်နယ်အမျိုးသားကျောင်း)၌ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးတို့အား မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်တွင် ကျင်းပရန်အတွက် ပုသိမ်မြို့ လယ်တီ(၃)လမ်းနေ ဦးမောင်မောင်ကျော် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၊ ဇနီး ဒေါ်ဌေးဌေးရည်၊ သမီး ဒေါက်တာဝတ်ရည်လင်း၊ မမြတ်မွန်စိုးတို့က ငွေကျပ်နှစ်သိန်းလှူဒါန်းရာ မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့ အတွင်းရေးမှူး ဦးသန်းမြင့်က လက်ခံယူစဉ်။ (၁၅၇)

# SGS (Myanmar)Ltd. က ကြီးမှူး၍ ဆွေးနွေးပွဲကျင်းပ

ငှင်းနောက် SGS(Myanmar)Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်တင်က ဟောပြောဆွေးနွေးပေးသည့် ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ပစ္စည်း ပေးအပ်သည်။





**ရန်ကုန် စက်တင်ဘာ ၁၁**

SGS (Myanmar)Ltd. ကကြီးမှူးကျင်းပသည့် ISO 22000: 2005 (FOOD Safety Management System)& ISO 9001:2008 (Quality Management System) Seminar ကို စက်တင်ဘာ ၁၀ရက် နံနက်ရနာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel၌ ကျင်းပရာ အခမ်းအနားတွင် ပထမဦးစွာ SGS (Myanmar)Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်တင်**(အပေါ်ပုံ)**က နှုတ်ခွန်းဆက်စကားပြောကြားပြီး SGS (Myanmar) Ltd. မှ SSC Business Development Manager, Registered Lead Auditor ဦးရဲသန့်ကျော်က SGS (Thailand) Ltd. မှ ဟောပြောဆွေးနွေးကြမည့် ပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ISO 22000: 2005 (Food Safety Management System )GMP/HACCP,ISO 22000 နှင့် ISO 22000:2005(Food Safety Management System) BRC တို့ကို Ms.Teeranat Lipichotikul ကလည်းကောင်း၊ ISO 9001: 2008 (Quality Managemen System)-ISO 9001-Scope, Permissible Exclusion, PDCA Philosophy နှင့် ISO 9001: 2008 (Quality Management System)-ISO 9001: 2008 Standard Reguirement တို့ကို Mr.Sirin Sinithanon ကလည်းကောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများကသိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။

**ဖွင့်လှစ်**

SGS (Myanmar)Ltd. သည် Inspection,Verification, Certification and Testing Services များကို ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ကမ္ဘာတွင် SGS ကို ၁၈၇၈ ခုနှစ်၌ စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၁၉၄၈ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် အဖွဲ့အစည်းကြီးတစ်ခု ဖြစ်သည်။

SGS (Myanmar)Ltd. ရုံးခန်းကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ဗဟိုစည်အိမ်ရာဝင်း အမှတ်(၇၉၊ ၈၀) ဖုန်း-၀၁-၂၁၁၅၆၂၊ ၀၁-၂၁၁၅၃၇၊ ၀၁-၂၁၁၅၃၈ နှင့် ၀၁-၂၁၁၅၄၇ တို့၌ ဖွင့်လှစ်ထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အိုင်အိုခင်းဆားရောင်းချမှုကို စက်တင်ဘာ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မင်္ဂလာတောင်ညွှန့်မြို့နယ် အထက (၃)၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၄ရက်ကကျင်းပရာ တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် မသဲပုဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမေက ဆုချီးမြှင့်စဉ်။

(ပညာရေး)



## မီးဘေးလုံခြုံရေး

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာ မြို့မဈေးကြီး မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လုံခြုံရေးမီးလိုင်းနှင့်ဆိုင်ခန်းသုံးမီးလိုင်းများ စနစ်တကျ ဆောင်ရွက်ထားရှိမှုအခြေအနေကို ဩဂုတ်၂၁ရက်က အမှုဆောင်အရာရှိ ဦးမျိုးအောင်၊ တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးမျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



# မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ

## ဘားအံ၌ ကျင်းပ

**ဘားအံ စက်တင်ဘာ ၁၁**

ဘားအံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ရက် ညနေ ၃နာရီက အောင်သံလွင်ဘောလုံးအားကစားကွင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ကျေးရွာများမှ အားကစားအသင်း ၁၆သင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားများသို့ နှိုးဆော်ချက်ထုတ်ပြန်

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ ၂၀၁၀ခုနှစ် စက်တင်ဘာလပတ်အတွက် ခန့်မှန်းချက်တွင် အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာ ပထမ(၁၀)ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာ ဒုတိယ(၁၀)ရက်ပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊ စက်တင်ဘာ တတိယ (၁၀)ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ စက်တင်ဘာလကုန်ခန့်တွင် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိကြောင်း ဖော်ပြထားသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

- ✳ မိုးနှောင်းပိုင်းရွာသွန်းသော မိုးရေများကို ရနိုင်သမျှစုဆောင်းပါ။
- ✳ မိုးရေစုဆောင်းနိုင်ရန် ကန်သင်းများ လုံခြုံရန်နှင့် မြှင့်တင်ခြင်းများ ပြုလုပ်ပါ။
- ✳ လယ်သမားကန်ငယ်များပြုလုပ်၍ ရေသိုလှောင်ပါ။
- ✳ ချောင်း၊ မြောင်းများတွင် ယာယီရေသိုလှောင်ထားနိုင်ရန် ချောင်းပိတ်မြောင်းပိတ်များ ပြုလုပ်ပါ။
- ✳ စုဆောင်းရရှိထားသောရေများဖြင့် သီးနှံစိုက်ခင်းများသို့ လိုအပ်ပါက ရေတင်စက်များဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ ရေပေးသွင်းနိုင်ရေး ကြိုတင်ပြင်ဆင်ပါ။
- ✳ စပါးအပြီး သီးထပ်သီးနှံကို မြေအစိုဓာတ်ရှိချိန်တွင် အချိန်မီစိုက်ပျိုးပါ။
- ✳ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာတတ်သည့် သီးနှံဖျက်ပိုးမွှား ရောဂါများကို အချိန်မီ ကာကွယ်နှိမ်နင်းပါ။
- ✳ အကူအညီလိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီများနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။**



စာအုပ်

စာပေ

လူ့မိတ်ဆွေ

# မင်းဘူး-အမ်းလမ်း အဆင့်မြှင့်စီမံကိန်း တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် စက်တင်ဘာ ၃ ရက်က မင်းဘူး-အမ်းလမ်း အဆင့်မြှင့်စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ထိုမှတစ်ဆင့် ဟင်းရွက်ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

တိုင်းမှူးသည် စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်-စစ်တွေလမ်းနှင့် အမ်း-ကြာအင်းတောင် လမ်းဖောက်လုပ်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာ၏ လမ်း၊တံတား ကွဲခိုင်မှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရာမောင်တံတား ကွဲခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တော်-ပလက်ဝ လမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လမ်းဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ပီကောက်တံတား တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# အခြေခံပညာ မူလတန်းကျောင်းဆောင် ထန်းတပင်မြို့နယ် ညောင်သာယာကျေးရွာ၌ဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ၄ကျသိုက်ကျေးရွာအုပ်စု ညောင်သာယာကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက်က အဆိုပါ ကျောင်းဆောင်သစ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်က ကျေးလက်နေ ကျောင်းသားလူငယ်လေးများ ပညာကို ဆုံးခန်းတိုင် သင်ကြားရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် မြို့နယ်ပညာရေးမှူး ဦးကျော်တင့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၁၈၄)**

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး





ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်ထံသို့ အမှတ် ၉ ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ်နေ ဒေါက်တာတင်ထွန်းဦး (သုတစွယ်စုံစာအုပ်တိုက်၊စွယ်စုံမီဒီယာ)က ပုဇွန်တောင်မြို့နယ် စာကြည့်တိုက်အတွက် ငွေကျပ်ရှစ်သိန်းကျော်တန်ဖိုးရှိ စာအုပ်၊ မဂ္ဂဇင်းနှင့်ဂျာနယ် စုစုပေါင်း အုပ်ရေ ၆၆၀ကို စက်တင်ဘာ ၇ရက်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# Graphic Design သင်တန်းဖွင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၁**

Graphic Design များသည် အရေးပါသောကြောင့် အရည်အချင်းပြည့်ဝသော Graphic Designer များကို မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ Gusto ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းက Graphic Design Course ကို ဖွင့်လှစ်ပေးမည်ဖြစ်သည်။

**သင်ကြားလေ့ကျင့်**

သင်တန်းတွင် Graphic Designer တစ်ဦးအနေဖြင့် သိသင့်သိထိုက်သော Technical Skills များသာမက Design တစ်ခု၏ အခြေခံစဉ်းစားပုံ စဉ်းစားနည်း(Conceptual Skills) များကိုပါ သင်ကြားပေးမည်ဖြစ်သည်။ လက်တွေ့လုပ်ငန်းခွင်တွင် မိမိကိုယ်တိုင် Design များ ပြုလုပ်နိုင်ရန်အတွက် Design Theory များ၊ Color Theory များကို အနှစ်သာရရှိရှိ လေ့လာရမည်ဖြစ်သည်။ ထို့အပြင် အဆင့်မြင့် Design Software များကို ကိုယ်တိုင် အစအဆုံးပြုလုပ်နိုင်စေရန်အတွက် Design Theory များ၊ Color Principle များကို အနှစ်သာရပြည့်ဝစွာနားလည်စေရန် စာတွေ့လက်တွေ့များဖြင့် စနစ်တကျ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်သည်။

သင်ကြားပေးမည့် အကြောင်းအရာများမှာ Design Principle, Color Theory, Design Process, Typographic Technique, Business Logo Creation, Text and Graphics File Preparation for Print Processing အစရှိသော အကြောင်းအရာများကို ကမ္ဘာကျော် Design Software များ ဖြစ်သော Adobe Photoshop, Adobe Illustrator, Adobe In Design များ စသည်တို့ကို အသုံးပြု၍ သင်ကြားပေးမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

သင်တန်းကို စက်တင်ဘာ ၂၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် (အင်္ဂါ၊ ဗုဒ္ဓဟူး) နေ့များတွင် တက်ရောက်သင်ကြားရမည်ဖြစ်ကြောင်း၊ သင်တန်းသားဦးရေ ၁၅ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြကြောင်း၊ စိတ်ပါဝင်စားသူများအနေဖြင့် Gusto ကွန်ပျူတာနည်းပညာ သင်တန်းကျောင်း အမှတ်(၂၆) ၁၄လမ်း(အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၄၄၉၆ နှင့် ၀၉-၈၆၂၈၈၀၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခရိုင်ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက လှိုင်သာယာမြို့နယ် မိုးလုံလေလုံ အားကစားကွင်း၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း၊ ခရိုင်ဒုတိယရဲမှူးကြီး ဇော်ခင်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အနိုင်ရ**

ဗိုလ်လုပွဲတွင် ရွှေပြည်သာမြို့နယ်အသင်းက အင်းစိန်မြို့နယ်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသွားသည်။

ဆုပေးပွဲအခမ်းအနားတွင် ဒုတိယရရှိသော အင်းစိန်မြို့နယ်အသင်းကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးကြီး ဇော်ခင်အောင်က ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ အနိုင်ရဗိုလ်စွဲသွားသော ရွှေပြည်သာမြို့နယ်အသင်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းက တံခွန်စိုက် ဒိုင်းဆုကြီးနှင့် ငွေသားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

# အနောက်တိုင်း ဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်၍ အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း ကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်း မရှိသည့်အပြင် ဘေးဥပဒ်ဖြစ်စေသော အနောက်တိုင်းဆေးဝါးရောနှောထားသည့် တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ဆေးဝါးအမည် | ထုတ်လုပ်/ဖြန့်ချိဌာန | မှတ်ချက် |
|---|---|---|---|
| ၁။ | စိတ်ကြိုက်ဆင်တုံးမနွယ်အစာကြေလေနိုင်အားတိုးဆေး | ၂၀၈၊ ၂၈လမ်း၊ ပဲခူးမြို့။ | မှတ်ပုံတင်မရှိ |
| ၂။ | သမီးတော် ကတိုးသွေးဆေး | လိပ်စာမပါ။ | မှတ်ပုံတင်မရှိ |
| ၃။ | စံမတူ အစာကြေလေနိုင်ဆေးပြား | လိပ်စာမပါ။ | မှတ်ပုံတင်မရှိ |
| ၄။ | ဆရာအို အစာကြေလျက်ဆား | ဇလွန်မြို့။ | မှတ်ပုံတင်မရှိ |
| ၅။ | မေတ္တာမွန်မွေးဆေး | ၈၅၄၊ အင်္ဂပိုလမ်း၊ သုံးပင်ကွင်း၊ ဟသ်ာတမြို့။ | မှတ်ပုံတင်မရှိ |
| ၆။ | နိုင်ငံကျော် ရွှေဂဲတံဆိပ် ကလေးအပူကျဆေး | လိပ်စာမပါ။ | အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ |
| ၇။ | အဲဗားဝဲလ်(သ်)စိန်သော့တံဆိပ် အကိုက်အခဲပျောက်ဆေးမှုန့် | ၃၇(က)၊လမ်း၂၀၊လသာမြို့နယ် ရန်ကုန်။ | အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ |
| ၈။ | ပိ(စ်)ပွေးဆေးရည်မွှေး | လိပ်စာမပါ။ | အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ |
| ၉။ | စိန်ကြည် လက်တွေ့အပူကျဖျားနာကိုက်ခဲပျောက်ဆေး | အမှတ် ၄၇/တ၊ ၂၂လမ်း၊ ရန်ကုန်မြို့။ | အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ |
| ၁၀။ | ရွှေသော့ အဲဗားဟက်သ်ဇေယျာသုခ အကိုက်အခဲပျောက်ဆေး | လိပ်စာမပါ။ | အနောက်တိုင်းဆေးဝါးရော မှတ်ပုံတင်မရှိ |

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ အနောက်တိုင်းဆေးရောနှောထားသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါ စံမညီဆေးဝါးကို ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



မဘိမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကမ်းနားလမ်း ကတ္တရာခင်းရန် စီစဉ်ဆောင်ရွက်ထားမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေနှင့်အဖွဲ့ ဩဂုတ် ၆ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်နိုင်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးထွန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# ကြံသီးနှံ အထူးအထွက်တိုး စိုက်ပျိုးရေး ပညာပေးဆွေးနွေး

**ညောင်ရွှေ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ ကြံနှင့် ကြံထွက်ပစ္စည်းကုန်သည်များနှင့် ထုတ်လုပ်သူများအသင်းက ဦးဆောင်ကျင်းပသော ကြံသီးနှံ အထူးအထွက်တိုး စိုက်ပျိုးရေးပညာပေး ဆွေးနွေးပွဲကို စက်တင်ဘာ၈ရက် နံနက် ၉နာရီက ညောင်ရွှေမြို့ ဟူပင်ဟိုတယ်ခန်းမ၌ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးထွန်းအေးက အမှာစကားပြောကြားပြီး ကြံသီးနှံအထူးအထွက်တိုးရေးနှင့် ပတ်သက်၍ ကြံသီးနှံလုပ်ငန်းဌာန စီမံကိန်းနှင့်သုတေသနဌာနခွဲ ကြံသီးနှံသုတေသီအငြိမ်းစား အထွေထွေမန်နေဂျာ ဦးစံသိန်းက ကြံသီးနှံအထူးအထွက်တိုးရေးအတွက် ဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များနှင့် အထွက်ကောင်းကြံမျိုးများ အကြောင်းကို ရှင်းလင်းဆွေးနွေးဟောပြောပို့ချသည်။ဆွေးနွေးပွဲသို့ကြံသီးနှံလုပ်ငန်းဌာန ပြည်နယ်မန်နေဂျာဦးမြဝင်းနှင့်ဝန်ထမ်းများ၊ ကြံသီးနှံလုပ်ငန်းဌာန (အငြိမ်းစား-ဒုတိယ အထွေထွေမန်နေဂျာ) ဦးခင်မောင်နီနှင့် ကြံစိုက်တောင်သူများတက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(ကြံထုတ်လုပ်သူများအသင်း)**

## နိုင်ငံတကာသတင်းများ

➤ အာကာကျော်-စုစည်းသည် ➤

### အမေရိကန်-မက္ကဆီကိုနယ်စပ်၌ မူးယစ်ဆေးဝါးဂိုဏ်းများ အကြမ်းဖက်တိုက်ခိုက် သေနတ်သမားများ၏ လက်ချက်ဖြင့် ၂၅ ဦးသေဆုံး



**မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၁**

အမေရိကန်- မက္ကဆီကိုနယ်စပ်တွင် စက်တင်ဘာ ၉ရက်နှင့် ၁၀ရက်အတွင်း မူးယစ်ဆေးဝါးဂိုဏ်းများ၏ ပစ်ခတ် တိုက်ခိုက်ခဲ့မှုကြောင့် ၂၅ဦးသေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၁၀ရက်၌ ပြောကြားသည်။

သေနတ်သမားများသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် မက္ကဆီကိုနိုင်ငံ စီဒက်ဂွါရက်ဇ်မြို့ရှိ နေအိမ်အချို့ကိုဝင်ရောက်ကာ ပြိုင်ဘက်မူးယစ်ဆေးဝါးဂိုဏ်းများအတွက် အလုပ်လုပ်ပေးသည်ဟု စွပ်စွဲခဲ့ပြီး ဒေသခံများကို ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ချီဟွာဟွာပြည်နယ် ရှေ့နေချုပ်ရုံး ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းက ပြောကြားခဲ့သည်။

#### ပစ်သတ်

ယင်းမြို့အတွင်း စက်တင်ဘာ ၉ရက်တွင် သေနတ်သမားများက မော်တော်ကားဖြင့် ဝင်ရောက်လာပြီး ဘေးမှရပ်ကြည့်နေသူ လေးဦးကိုလည်း ပစ်သတ်သွားခဲ့ကြောင်း ဒေသထုတ်သတင်းစာ အယ်ဒီယာရီယိုက ရေးသားဖော်ပြသည်။

မူးယစ်ဆေးဝါး အကြမ်းဖက်မှုဖြစ်စဉ်အတွင်း စုစုပေါင်း ၂၅ဦးသေဆုံးခဲ့ရကြောင်း၊ ၂၀၀၈ခုနှစ် ဇန်နဝါရီလ နောက်ပိုင်း ယင်းမြို့သည် သွေးထွက်သံယို ဖြစ်ပွားမှုအဆိုးဆုံးဖြစ်ကြောင်း ရဲအဖွဲ့က အတည်ပြုပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

### နေတိုးအဖွဲ့ လေကြောင်းမှတိုက်ခိုက်၊ အာဖဂန်သုံးဦးသေဆုံး



ကဘူးလ် စက်တင်ဘာ ၁၁

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ရန်စီစဉ်နေသည့် အကြမ်းဖက်တိုက်ခိုက် ရေးသမားခေါင်းဆောင်တစ်ဦးအပါအဝင် သုံးဦးသည် နေတိုးတပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် သေဆုံးသွားကြောင်း စက်တင်ဘာ ၁၁ရက်တွင် နေတိုးအဖွဲ့က ပြောကြားသည်။

#### သေဆုံးဒဏ်ရာ

နာမိုဟာမက်အမည်ရှိ အာဖဂန်အကြမ်းဖက် တိုက်ခိုက်ရေးခေါင်းဆောင်နှင့် အခြားလက်နက်ကိုင်နှစ်ဦးသည် စက်တင်ဘာ ၁၀ရက်တွင် နေတိုးတပ်ဖွဲ့က မူဆာရီးခရိုင်အတွင်း လေကြောင်းမှ တိုက်ခိုက်စဉ် သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း နေတိုးတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရလျက်ရှိသည်။ (အပေါ်ပုံ) (အင်တာနက်)

### ဖတ်သူပုန်အဖွဲ့ ကိုလံဘီယာရဲစခန်းကိုဝင်စီး ရဲအရာရှိ ရှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေ

**ဘိုဂိုတာ စက်တင်ဘာ ၁၁**

ကိုလံဘီယာနိုင်ငံ အီကွေဒေါနယ်စပ်၌ စက်တင်ဘာ ၁၀ရက်က ဆန်မီဂယ်မြို့ရှိ ရဲစခန်းကို သူပုန်အဖွဲ့က ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံးရဲအရာရှိရှစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရခဲ့ကြောင်း ကိုလံဘီယာကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖတ်သူပုန်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် အခြားရဲအရာရှိနှစ်ဦးလည်း ပျောက်ဆုံးနေကြောင်း ကာကွယ်ရေးဝန်ကြီး ရိုဒရီဂိုရီဗားရားက ပြောကြားသည်။ ဖတ်သူပုန်အဖွဲ့သည် မကြာမီနှစ်များက အီကွေဒေါနယ်စပ်တွင် ဒုက္ခသည်စခန်းများ တည်ထောင်နေထိုင်လျက်ရှိပြီး ဆန်မီဂယ်မြစ်ကိုဖြတ်၍ ကိုလံဘီယာတပ်ဖွဲ့ဝင်များကို တိုက်ခိုက်လျက်ရှိသည်။ **(အင်တာနက်)**

## စာတတ်မြောက်ရေးနေ့ အခမ်းအနား

## တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက်ပိုင်းက တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးက အမှာစကားပြောကြားပြီး အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

#### ပေးအပ်ချီးမြှင့်

ယင်းနောက် တာဝန်ရှိသူတို့က အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ပြခန်း၌ ပြသထားသော ပြိုင်ပွဲဝင် ပန်းချီ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးနှင့် စာစီစာကုံးများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



### စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ဖျာပုံမြို့နယ်၌ ကျင်းပ

**ဖျာပုံ စက်တင်ဘာ ၁၁**

ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ငါးလုပ်ငန်းဦးစီးဌာန ရုံးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီး ဌာနတို့၏ ညွှန်ကြားချက်နှင့်အညီ ဧရာဝတီ တိုင်းဒေသကြီး ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီး ဌာနမှ စက်တင်ဘာ ၅ရက် နံနက်က ဖျာပုံ မြို့နယ် ကျုံတာကျေးရွာ ဧကတစ်ထောင် စံပြစိုက်ကွင်းရှိ စပါးခင်းအတွင်း ငါးမျိုး စိုက်ထည့်ခြင်း အခမ်းအနားကျင်းပသည်။

#### ငါးမျိုးစိုက်ထည့်

ယင်းအခမ်းအနားသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြကြိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော် ထင်၊ ခရိုင်ရဲမှူးနှင့် စိုက်တိုးမြှင့်အဖွဲ့ဝင် များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖျာပုံ ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီး ဌာနမှူး ဦးမြင့်စိုးနှင့် ဝန်ထမ်းများ၊ လူမှု ရေးအသင်းအဖွဲ့ဝင်များနှင့် တောင်သူလယ် သမားများ တက်ရောက်ကြပြီး စပါးခင်း များအတွင်းသို့ ငါးခုံးမကောင်ရေ ၁၇၅၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၁၃၈)**

**ဆောမြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဗိုလ်ချုပ်လမ်းနှင့် သဇင်လမ်း ထောင့် သစ်သားတံတား တည်ဆောက် ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၅ရက်က မကွေးတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်း စစ်ဆေးကြည့်ရှုရာ အမှု ဆောင်အရာရှိ ဦးဟန်မြင့် ရှင်းလင်း တင်ပြစဉ်။** (မြို့နယ်စည်ပင်)



### လှူဒါန်း

**မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် (၁၀၁)လမ်း အမှတ်၁၅၇နေ ဒေါ်လှသန်းနှင့် သားသမီး၊ မြေးတစ်စုက ဩဂုတ် ၁၄ရက်က (၁၅)နှစ်ပြည့်ခဲ့သော ခင်ပွန်း ဦးလှညွန့်(ဆ·သ·ရ-ငြိမ်း) အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၂၁၀၀၀၀ လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် သူနာပြု ဒေါ်ယဉ်သီတာတို့ လက်ခံယူစဉ်။** (ကင်ဆာဖောင်ဒေးရှင်း)



### အထူးအယူခံခုံရုံး

### နေပြည်တော်၌ ရုံးထိုင်ကြားနာ

**နေပြည်တော် စက်တင်ဘာ ၁၁**

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရား ရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ် တရား သူကြီး ဦးမြင့်အောင်နှင့် တရားရုံးချုပ် (ရန်ကုန်)မှ တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်တို့ ပါဝင်သော အထူးအယူခံ ခုံရုံး သည် စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီ က တရားရုံးချုပ်(နေပြည်တော်)၌ ရုံးထိုင် ၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေ ပုဒ်မ ၇အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု လေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၉)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ** **(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့်ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ ပေါင်(၁၄၀)ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၁၀** ရက်နေ့မှ စတင်၍ **၁-၁-၂၀၁၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊တိုင်း၊မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃) ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ။** နံနက် ၉ နာရီမှ ၁၁ နာရီအထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီအထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ဖြေဆိုကြရမည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို **ပြင်ဦးလွင်မြို့** (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့ စစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည် အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များ တွင် ၃၀-၁-၂၀၁၁ မှ ၃၁-၁-၂၀၁၁ ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **(ကျပ်၄၅၀၀၀/-)** ဒုတိယနှစ် **(ကျပ်၄၆၀၀၀/-)** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထား သည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင်ရမည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယနေ့ညနေ ၄နာရီ ၂၅မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ

စာမျက်နှာ ၇ ကော်လံ ၅ ❍



တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

12-9 (20).pmd 1 9/12/2010, 2:44 AM